

# ကိုဗစ်-၁၉ ကုသမှု နှင့်

## ကျန်းမာရေး အာမခံ မရှိသူများ

သင်ဘာတွေ
သိထားသင့်သလဲ။

ကျန်းမာရေး အာမခံ သို့မဟုတ် လူဝင်မှု အခြေအနေ ဘယ်လိုပဲရှိနေပါစေ၊
**ကိုဗစ်-၁၉ ကာကွယ်ဆေးတွေဟာ အားလုံးအတွက် အခမဲ့ဖြစ်ပါတယ်**





သင့်မှာ ကျန်းမာရေးအာမခံ မရှိပဲ ကိုဗစ်-၁၉ ရောဂါကို စစ်ဆေးတွေ့ရှိခဲ့လျှင်၊ American Rescue Plan (ARP) ကြောင့် အခု **သင့်အတွက် ကိုဗစ်-၁၉ ရောဂါ ကုသမှုနဲ့ ကိုဗစ်-၁၉ ရောဂါကြောင့် ဖြစ်လာတဲ့ အခြားပြဿနာတွေကို ဖြေရှင်းမှုဟာ အခမဲ့ ဖြစ်ပါတယ်**

အကယ်၍ သင့်မှာ ကျန်းမာရေးအာမခံ မရှိပဲ ၂၀၂၀ ဖေဖော်ဝါရီလ ၄ ရက်နေ့ နောက်ပိုင်းမှာ ကိုဗစ်-၁၉ ရောဂါ ကုသမှု ခံယူခဲ့မယ်ဆိုရင်၊ **အဲ့ဒီနေ့ရက်မှ စတင်ပြီး သင့်ရဲ့ကုသမှုအတွက် အကုန်အကျခံပေးမှာ ဖြစ်ပြီး** <u>**အခမဲ့**</u> ဖြစ်ပါတယ်

အကယ်၍ သင့်မှာ အခြား အကျိုးခံစားမှု အစီအစဥ် တစ်ခုရှိခဲ့ရင်လည်း (ဥပမာ - Medicaid မိသားစု အစီအစဥ်)၊ သင့်အတွက် ကိုဗစ် ရောဂါကုသမှုနဲ့ ကိုဗစ်-၁၉ ကြောင့် ဖြစ်လာတဲ့ အခြားပြဿနာတွေကို ဖြေရှင်းမှုဟာ အခမဲ့ ဖြစ်ပါတယ်

**ကိုဗစ်-၁၉ ရောဂါကုသမှုအတွက် သင်ပေးခဲ့ရတဲ့ ပိုက်ဆံအားလုံးကို ရောဂါကုသပေးခဲ့တဲ့သူတွေက ပြန်ပေးရမှာ ဖြစ်ပါတယ်**
ရောဂါကုသပေးခဲ့တဲ့ သူတွေက ကုန်ကျငွေကို ပြန်ရဖို့ လျှောက်တင်နိုင်ပါတယ်
*www.hrsa.gov/coviduninsuredclaim*



**ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုကြောင့်ရှိလာတဲ့ သင်မပေးရသေးတဲ့ ကျန်းမာရေး ကုန်ကျစရိတ် အကြွေးတွေအတွက် အကြွေးတောင်း အေဂျင်စီသို့ လွှဲပြောင်းပေးခံရလျှင်၊** သင့်ထံ ငွေတောင်းခံလွှာ ပေးပို့လာတဲ့ ငွေစာရင်းဌာနရှိ တစ်ယောက်ယောက်ကို စကားပြောပြီး၊ **အခု သင့်ရဲ့ ကုသမှုကို American Rescue Plan မှ အကုန်ကျခံမှာ ဖြစ်ကြောင်း** သူတို့ကို ပြောပြပါ

အကြွေးကောက်ခံမှုနဲ့ ပတ်သက်ပြီး ဖြေရှင်းဖို့ အခြားပြဿနာများ ရှိခဲ့လျှင်၊ ကျေးဇူးပြု၍ Legal Aid of NC ထံသို့ သူတို့ရဲ့ အခမဲ့ ဖုန်းလိုင်း 1-866-219-LANC မှတဆင့် ဆက်သွယ်ပါ

၂၀၂၀ ဇန်နဝါရီ ၂၀ ရက်နေ့နောက်ပိုင်း၊ သင့်မှာ ကိုဗစ်-၁၉ ကြောင့် ချစ်ရသူတစ်ဦး သေဆုံးသွားတာ ရှိခဲ့လျှင်၊
**ဈာပနာ စရိတ်အတွက် FEMA မှ ငွေကြေးအထောက်အပံ့တွေ ပေးနေပါတယ်**
ဒါတွေကို သင်ရရှိနိုင်မလားဆိုတာကို သိရှိနိုင်ဖို့၊ ကျေးဇူးပြု၍ တနင်္လာနေ့မှ သောကြာနေ့အတွင်း နံနက် ၉ နာရီမှ ည ၉ နာရီအထိ ၈၄၄-၆၈၄-၆၃၃၃ သို့ ဆက်သွယ်ပါ။

Health Advocacy Project